စဉ်းစားပါမှ . . . "ခန္ဓာငါးပါး" ကို မြင်လာပါမယ်။ ဉာဏ်နဲ့ခန္ဓာငါးပါးကို မြင်နိုင်ဖို့အတွက် . . . အခုလို ဗဟုသုတတွေစုဆောင်းရပါတယ်။ ခန္ဓာငါးပါးကို အမှန်အတိုင်းမြင်ခြင်းဟာ အလွန်အရေးကြီးသော အချက်ဖြစ်ပါတယ်။ ဒီခန္ဓာငါးပါး . . . အကြောင်းကိုသိမှ . . . "ကံစွမ်းအားမထုတ်သောသင်္ခါရ" အကြောင်းကို သိပါတယ်။ ဒါဟာ အလွန်အရေးကြီးပါတယ်။ "ကံစွမ်းအား" ထုတ်နေသမျှ "ဘဝ" ဖြစ်ပါတယ်။ အခုလည်နေသောစက်ထဲမှာပဲ ကံစွမ်းအားမဖြစ်သောစက်ကိုမြင်ဖို့ လိုပါတယ်။ ဒီကိစ္စတွေကို အခုလို နာရုံ၊ ကြားရုံနဲ့တော့ မပြီးပါဘူး၊ ကိုယ်ပိုင်ဉာဏ်နဲ့ထပ်တလဲလဲ စဉ်းစားကြပါ။ ဒါမှခန္ဓာငါးပါး၏အဓိပ္ပါယ်ကို သိပါမယ်။ ဒီအထဲမှာ . . . ခန္ဓာငါးပါးဟာ "မမြဲပါဘူး" . . . ။

ခန္ဓာငါးပါးဟာ အလုပ်တွေလုပ်နေတာပါ။ အလုပ်တွေလုပ်တုန်းသာလျှင် ထင်ရှားပါတယ်။ သူဟာ . . . သူ့ပသာဒနဲ့ သူ့နေရာမှာ သူလုပ်တယ်။ အလုပ်လုပ်တဲ့အချိန်ကလေးမှာပဲ . . . ခန္ဓာငါးပါးကပေါ်လာတယ်။ ပြီးတော့ ပျောက်သွားပါတယ်။

ဒီသဘောတွေကို နှလုံးသွင်းတတ်ဆင်ခြင်တတ်လာရင် ဘုရားရှင်သင်ပေးသော "ဓမ္မသဘာဝ" များကို ထိုးထွင်း၍ သိနိုင်မြင်နိုင်ပါပြီ။ ဒီစွမ်းအားတွေဟာ သံသရာမှ ထွက်မြောက်ကြောင်းဖြစ်သော အခြေခံဓမ္မသဘာဝများဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဓမ္မမိတ်ဆွေများဟာ ဒီတရားများကို အခြေခံပြီးတော့ . . . သံသရာမှ ထွက်မြောက်နိုင်အောင် ကြိုးစားနိုင်ကြပါစေ ။

သာဓု . . . သာဓု . . . သာဓု



# ဝိပါကကဗျာကတ

၂၀၀၇ ခုနှစ်၊ ဧပြီလ (၈) ရက်၊ တနင်္ဂနွေနေ့၊ ရန်ကုန်မြို့၊ အာဇာနည်လမ်း၊ သာမဏေဗိမာန်တော်မှာ ၂၅-ကြိမ်မြောက် "ဗုဒ္ဓဒေသနာသင်တန်း" (၈) ရက်မြောက်နေ့ ဖြစ်ပါတယ်. . .

ကျွန်တော်တို့အခုလေ့လာနေတဲ့ အကြောင်းအရာများက . . . ရုပ်ခန္ဓာ၊ နာမ်ခန္ဓာများလုပ်ငန်း သဘာဝအတိုင်းလှည့်ပတ်ပြီးလုပ်နေတဲ့ "ဝဋ္ဋ" ဆိုတဲ့သဘာဝရှိပါတယ်။ ဒီလိုလှည့်ပတ်နေတဲ့ သဘာဝထဲမှာ . . .

"ဝိပါကဝဋ္ဋ"

"ကိလေသဝဋ္ဋ"

"ကမ္မဝဋ္ဋ" . . . ဆိုတဲ့ ဝဋ်သုံးပါးလည်နေပါတယ်။ အခု . . . "ဝိပါကဝဋ္ဋ" အကြောင်းကိုလေ့လာနေပါတယ်။ ဒီအကြောင်းကို သေသေချာချာသဘောပေါက်ဖို့အတွက် အခြေခံအချက်ကလေးတွေကို လေ့လာနေပါတယ်။

သိသင့်သိထိုက်တာတွေကိုလည်း . . . သိလာဖို့အတွက် ထပ်ဆွေးနွေးပေးပါအုံးမယ်။ ဒီလိုစက်တွေလည်တယ်ဆိုတာဟာ . . . "နာမ်ခန္ဓာ" ကြီးကလည်နေတဲ့သဘောဖြစ်ပါတယ်။ "နာမ်စိတ်" တွေဖြစ်ခြင်း၊ ပျက်ခြင်းအလုပ်တွေလုပ်နေတဲ့သဘောဖြစ်ပါတယ် . . . ထို့အတူပဲ ရုပ်ခန္ဓာခေါ်တဲ့ "ရူပက္ခန္ဓာ" က အလုပ်တွေလုပ်နေတာပါတယ်။ အဲဒီလိုအလုပ်တွေလုပ်နေတာကိုပဲ "စက်လည်" တယ်လို့ခေါ်ပါတယ်။

အလုပ်တွေလုပ်တဲ့သဘောမှာ . . . အခုဟာက "ကံစွမ်းအား" . . . "ကမ္မသတ္တိ" ကြောင့် အကျိုးစက်-စက်ကလည်နေတာဖြစ်ပါတယ်။

အကျိုးစက်မှာ . . .

နာမ်ခန္ဓာလည်း . . . လည်ပါတယ်။

ရုပ်ခန္ဓာလည်း . . . လည်ပါတယ်။

အဲဒီလို . . . ရုပ်ခန္ဓာ . . . နာမ်ခန္ဓာ . . . (၂)ပါးလုံးသည် "ကံစွမ်းအား"ကြောင့် လည်ရခြင်းဖြစ်ပါတယ်။ အဲဒီလိုလည်တဲ့စက်ကို . . . "ဝိပါကဝဋ္ဋ" . . . "ဝိပါကစက်" . . . လို့ခေါ်ပါတယ်။

အဲဒီအကျိုးစက်မှာ . . . အခုပြောနေတဲ့နာမ်ဓါတ်တွေဟာ . . . အကျိုးအဖြစ်နဲ့ ပေါ်လာရပါတယ်။ ရုပ်ဓါတ်တွေလည်း အကျိုးအဖြစ်နဲ့ပေါ်လာရပါတယ်။

"ကမ္မသတ္တိ" ဆိုတာဟာ . . . ရုပ်ခန္ဓာ၊ နာမ်ခန္ဓာဖြစ်သော . . . ခန္ဓာငါးပါးမှာ . . . ဝန်းရံပြီးရှိနေတဲ့ "စွမ်းအား" ဖြစ်ပါတယ်။ ဒီ "ကမ္မသတ္တိ" ကို အခြေခံပြီး အလုပ်လုပ်ရပါတယ်။

ထွက်ပေါ်လာတဲ့ စက်လည်မှုကို "ဝိပါကစက်" သို့မဟုတ် "ဝိပါကဝဋ္ဋ" လို့ခေါ်ပါတယ်။ ဒီ "ဝိပါကဝဋ္ဋ" လည်တဲ့သဘောမှာ . . . ဒီခန္ဓာငါးပါးမှာ . . . "ကံစွမ်းအား" က ရှိနေရပါတယ်။ အဲဒီကံစွမ်းအားကိုပဲ . . . နာမည်အားဖြင့် . . .

"နာနက္ခဏိက . . . ကံစွမ်းအား" . . . လို့ခေါ်ပါတယ်။ ဒီကံစွမ်းအားကြီးမှာ . . . ကမ္မသတ္တိတွေရှိနေပြီး . . . ဒီသတ္တိတွေက အလုပ်လုပ်လိုက်တော့ . . . "ဝိပါက" ဆိုတဲ့ "အကျိုးသဘာဝ" တွေထွက်ပေါ်လာပါတယ်။ ဒီဝိပါကတွေလည်ပတ်ပြီး အလုပ်လုပ်နေခြင်းကြောင့် "ဝိပါကဝဋ္ဋ" လို့ ခေါ်ရပါတယ်။

ဒီ . . . "ဝိပါကဝဋ္ဋ" ဆိုတာဟာ . . . အကျိုးအဖြစ်နဲ့ ရုပ်ခန္ဓာ . . . နာမ်ခန္ဓာတို့ အလုပ်တွေလုပ်ပါတယ်။ အဲဒါကိုပဲ လည်ပတ်တယ်လို့ခေါ်ပါတယ်။ အဲဒီမှာ သဘောပေါက်ဖို့လိုတာက . . . ဒီ "နာနက္ခဏိက ကံစွမ်းအား" အဆောက်အအုံကြီးထဲက . . . "ကမ္မသတ္တိ" တွေကို "ဝိပါက" စက်ကသုံးနေတာဖြစ်ပါတယ်။

"ဝိပါကစက်" က "ကံစွမ်းအား" တွေကို သုံးနေတာပါ။ ခန္ဓာငါးပါးမှာ ဝန်းရံနေတဲ့ ကံစွမ်းအားကိုပဲ သုံးရတာပါ။ ဒီသဘောကို သေသေချာချာစဉ်းစားရပါမယ်။

"ဝိပါက" စက်သည် "ကံစွမ်းအား" ကို သုံးနေတဲ့စက်ပါ။ ကံစွမ်းအားကို သုံးပြီးတော့မှ ရုပ်ခန္ဓာ . . . နာမ်ခန္ဓာတို့က အလုပ်တွေလုပ်ရပါတယ်။ အလုပ်တွေလုပ်တာကို . . . "လည်ပတ်တယ်" လို့ခေါ်ပါတယ်။ လည်ပတ်တာကိုတော့ "ဝဋ္ဋ"လို့ခေါ်ပါတယ်။



ဒီတော့ . . . "ခန္ဓာငါးပါး" သည် "အလုပ်ငါးမျိုး" ပါ။ ဒီအလုပ်ငါးမျိုးမှာ . . . နာမ်က လေးမျိုး၊ ရုပ်ကတစ်မျိုး . . . ဖြစ်ပါတယ်။ သူတို့ပူးပေါင်းပြီး အလုပ်တွေလုပ်ကြပါတယ်။

ဘယ်အချိန်လဲ . . . ဆိုတော့ . . . ပစ္စုပ္ပန်တည့်တည့်အချိန်မှာလုပ်ပါတယ်။ ဘယ်နေရာမှာလုပ်သလဲ . . . ဆိုရင် . . . သူ့နေရာနဲ့သူ လုပ်ပါတယ်။

တင်ပါးကိုအပ်နဲ့ ထိုးရင်တင်ပါးမှာ၊ လက်မောင်းကိုအပ်နဲ့ထိုးရင်လက်မောင်းမှာ ဖြစ်ပါတယ်။ အဲဒါက "ကာယပသာဒ" နဲ့ ပတ်သက်တာကို ပြောတာပါ။

မျက်စိ နေရာမှာဆိုတော့ . . . မြင်ကိစ္စလုပ်တယ်၊ နား . . . နေရာမှာဆိုတော့ . . . ကြားကိစ္စလုပ်တယ်၊ နှာခေါင်း . . . နေရာမှာ . . . အနံ့ကိစ္စလုပ်တယ်၊ လျှာ . . . နေရာမှာ . . . အရသာကိစ္စလုပ်တယ်၊ ကိုယ် . . . နေရာမှာ . . . အတွေ့ကိစ္စလုပ်တယ်။ အဲဒီ "ကိစ္စတွေကို" ဆောင်ရွက်နေသော "အချိန်" မှာသာလျှင် . . . "ခန္ဓာငါးပါး" ထင်ရှားပါတယ်။ ခန္ဓာငါးပါးထင်ရှားတယ်ဆိုတာဟာ . . . ဖြစ်ပေါ်လာတယ်၊ ဖြစ်ပေါ်ပြီးတော့ . . . ပျောက်ကွယ်သွားတယ် . . . ။

ခန္ဓာငါးပါး . . . ဟာ . . . မြဲပါသလား ? ခန္ဓာငါးပါးဟာ . . . "ဖြစ်" ပြီးရင် . . . "ပျက်" တယ်။ "ဖြစ်" တာက . . . "ပစ္စုပ္ပန်အချိန်" မှာ . . . "ဖြစ်" တဲ့နေရာက . . . သူ့ပသာဒနဲ့သူ့နေရာပါ။ အဲဒီလိုသဘာဝတရားတွေကို ဉာဏ်နဲ့ဆင်ခြင်နိုင်ဖို့ . . . ဒီပညာကို ဘုရားရှင်ကသင်ပေးနေပါတယ်။

ခန္ဓာငါးပါးရဲ့ "အဓိပ္ပါယ်" လည်းသိပါပြီ။ "ခန္ဓာငါးပါး" အလုပ်လုပ်လို့ထွက်ပေါ်လာတဲ့ . . . "ဝိပါကသင်္ခါရ" တွေဟာ . . . ကုသလကံစွမ်းအား၊ အကုသလကံစွမ်းအား . . . များကို မထုတ်လုပ်နိုင်ပါ။ ထုတ်နိုင်တဲ့စွမ်းအားမရှိခြင်းကြောင့် "ဝိပါကအဗျာကတ အလုပ်များ" လို့ ပြောရပါတယ်။

ကျွန်တော်တို့ဟာ ဒီသဘောတွေကို သေသေချာချာ . . . နားလည်အောင်၊ သဘောပေါက်အောင် စဉ်းစားကြပါ။ သေချာနားလည်အောင်လည်း မှတ်ထားကြပါ။ ထပ်တလဲလဲ . . . စဉ်းစားပါ။

ဘယ်နေရာမှာလဲ . . . သူ့နေရာနဲ့သူ . . . ၊ ဘယ်အချိန်လဲ . . . သူ့အချိန်နဲ့သူ . . . အဲဒီအချိန်ကိုတော့ . . . "ပစ္စုပ္ပန်အချိန်" . . . "ပစ္စုပ္ပန်အလုပ်လုပ်တဲ့အချိန်" . . . လို့ ခေါ်ပါတယ်။ အဲဒီလို . . . ဉာဏ်နဲ့ယှဉ်၍ . . . မိမိမှာရှိနေသော . . . အဖြစ်မှန်၊ မိမိခန္ဓာကိုယ် အလုပ်လုပ်နေသော အလုပ်မှန်ကို စဉ်းစားတတ်ရပါမယ်။ အခုပြောနေတာဟာ . . . အလုပ် အကြောင်းပြောနေတာပဲဖြစ်ပါတယ်။ အလုပ်ကို "သင်္ခါရ" လို့ခေါ်ပါတယ်။ အခုလုပ်နေတဲ့ အလုပ်ဟာ "အကျိုးဝိပါက" အလုပ်များကို လုပ်နေတာဖြစ်ပါတယ်။

ဖြစ်တဲ့ဝိညာဉ်တွေက . . . ဝိပါကဝိညာဉ်၊ ဖြစ်တဲ့ရုပ်တွေက . . . ကမ္မဇရုပ် . . . ဒီငါးပါးပူးတွဲပြီး . . . အလုပ်တွေလုပ်နေကြရပါတယ်။ ဒါဟာအမှန်တရားပါပဲ။ အဲဒီလို အလုပ်တွေလုပ်သော်ငြားလည်းပဲ . . . ဒီအလုပ်တွေက . . . "စေတနာ-သင်္ခါရ"နဲ့ အလုပ် လုပ်ပေမယ်လို့ . . . "ကုသလကမ္မ၊ အကုသလကမ္မ" . . . ဆိုတဲ့ "ကံစွမ်းအား" များ. . . ကိုတော့ . . . မထုတ်လုပ်နိုင်ပါဘူး။

ဘာကြောင့်မထုတ်နိုင်ရတာလဲ. . . ဆိုရင် သူတို့ကိုယ်တိုင်က . . . "ကံစွမ်းအား"ကို မှီ၍. . . လည်ရသောစက်ဖြစ်ခြင်းကြောင့် . . . "ကံစွမ်းအား" မထုတ်နိုင်တာပါ။ ဒါကြောင့်မို့လို့ . . . သူတို့ကို "အဗျာကတ" လို့ခေါ်ပါတယ်။ ဒီ "အဗျာကတ" က "ဝိပါကစက်" မှာဖြစ်လို့ လည်း "ဝိပါကအဗျာကတ" လို့ခေါ်ရပါတယ်။ အဲဒီလို အလုပ်လုပ်နေသောစက်ကြီးကိုလည်း မြင်အောင်ကြည့်ဖို့လိုအပ်ပါတယ်။

ခန္ဓာငါးပါးဟာ အလုပ်လုပ်နေပါတယ်။ သူဟာ ပစ္စုပ္ပန်တည့်တည့်မှာ အလုပ်လုပ် ရတယ်။ သူ့နေရာနဲ့သူ အလုပ်လုပ်ပါတယ်။ ဒီသဘောသဘာဝတွေကို သေသေချာချာ သိပြီးနောက် . . . တစ်ဆင့်ပြီးတစ်ဆင့် ရှေ့ကိုတက်ဖို့ကြိုးစားရပါမယ်။

"ခန္ဓာငါးပါး" လို့ပြောနေကြသော်လည်း . . . "ခန္ဓာငါးပါး" ၏အဓိပ္ပါယ်ကို တိတိကျကျ၊ ပိုင်းပိုင်းခြားခြား . . . မသိခဲ့ရင် . . . ခန္ဓာငါးပါးဆိုတာကို ဘာမှန်းသိလာမည် မဟုတ်ပါ။



ဒီတော့ . . . ဝိပါကဝဋ်မှာ . . . ဝိပါကဆိုတဲ့ အကျိုးအဖြစ်နဲ့ ပေါ်ထွက်လာတာ ဟာ . . . "ဝိပါကနာမ်ခန္ဓာ" ဖြစ်ပါတယ်။ ထို့အတူပဲ . . . ရုပ်ခန္ဓာမှာလည်း "ဝိပါကရုပ်ခန္ဓာ" အဖြစ်ပေါ်ထွက်လာပါတယ်။ ဒီစကားလေးတွေကို သေသေချာချာမှတ်ထားဖို့လိုပါတယ်။

"ဝိပါကနာမ်ခန္ဓာ" . . .

"ဝိပါကရုပ်ခန္ဓာ" . . . တို့ဟာ အကျိုးရုပ်နာမ်တွေဖြစ်ပါတယ်။

ဝိပါကနာမ်ခန္ဓာထဲမှာ . . .

သိတဲ့သဘောပါတယ် ၊ မှတ်တဲ့သဘောပါတယ် ၊ ခံစားတဲ့သဘောပါတယ်၊ အားထုတ်တဲ့သဘောပါတယ် . . . ။ သိတဲ့အဖွဲ့ကို . . . "ဝိညာဏက္ခန္ဓာ" လို့ခေါ်ပါတယ်။ သူဟာ . . . နာမ်ခန္ဓာထဲက . . . စွမ်းအားလေးမျိုးထဲက တစ်ခုသောစွမ်းအား ဖြစ်ပါတယ်။ သူမှာသိသောစွမ်းအားရှိပါတယ်။

ဒီတော့ . . . ဒီ "ဝိညာဏက္ခန္ဓာ" ဟာ "ဝိပါကဝိညာဏက္ခန္ဓာ" . . . ဖြစ်ပါတယ်။ သူဟာ ကံစွမ်းအားကြောင့် ပေါ်ထွက်လာ တာဖြစ်ပါတယ်။ အကျိုးတရားအဖြစ်နဲ့ ပေါ်ထွက်လာသော "သိလုပ်ငန်း" ကို လုပ်တဲ့အဖွဲ့ ဖြစ်လို့ . . . "ဝိပါကဝိညာဏက္ခန္ဓာ" လို့ခေါ်ရခြင်းဖြစ်ပါတယ်။

မှတ်တဲ့အလုပ်ကို လုပ်တဲ့အဖွဲ့ကိုတော့ . . . "သညာက္ခန္ဓာ" လို့ခေါ်ပါတယ်။ သူက လည်း "ဝိပါကသညာက္ခန္ဓာ" . . . ဖြစ်ပါတယ်။ နောက်တစ်ခုက . . . ခံစားအဖွဲ့ဖြစ်သော . . . "ဝေဒနာက္ခန္ဓာ" ဖြစ်ပါတယ်။ သူလည်းအကျိုးဖြစ်လို့ "ဝိပါကဝေဒနာက္ခန္ဓာ" လို့ခေါ်ပါတယ်။

အားထုတ်မှုကိုတော့ . . . "စေတနာ" လို့ခေါ်ပါတယ်။ အားထုတ်အောင်စေ့ဆော် တိုက်တွန်းတဲ့သဘောဖြစ်ပါတယ်။ ဒီ . . . စေတနာကိုတော့ "သင်္ခါရ" . . . လို့ခေါ်ပါတယ်။ ဒီအဖွဲ့ကိုတော့ "သင်္ခါရက္ခန္ဓာ" . . . လို့ခေါ်ပါတယ်။ သူလည်း . . . "ဝိပါကသင်္ခါရက္ခန္ဓာ" . . . ဖြစ်ပါတယ်။

ထိုကဲ့သို့ . . . "ဝိပါကနာမ်ခန္ဓာ" ရှိသလို "ဝိပါကရုပ်ခန္ဓာ" လည်းရှိပါတယ်။ သို့သော် . . . ဒီရုပ်ခန္ဓာတွေကိုတော့ . . . "ဝိပါက" ဆိုတဲ့စကားလုံးကိုမသုံးပဲ . . . "ကမ္မဇရူပက္ခန္ဓာ" . . . လို့ပဲ သုံးပါတယ်။

အဲဒီလို . . . “ဝိပါက” . . . “ဝိပါက” . . . ဆိုပြီးထည့်သုံးနေကြတာဟာ . . . ဘာကြောင့်လဲဆိုရင် . . . ကံစွမ်းအားကြောင့် ဖြစ်ပေါ်လာကြသော . . . “ရုပ်ခန္ဓာ၊ နာမ်ခန္ဓာ” . . . ဖြစ်တဲ့အတွက် . . . သူတို့ကို . . . “ဝိပါက” လို့ . . . ခေါ်နေရခြင်းဖြစ်ပါတယ်။

ဝိပါကရုပ်ခန္ဓာ (သို့) ကမ္မဇရုပ်ခန္ဓာ . . . ဆိုတာတွေက . . . ဘယ်ဟာတွေလဲဆိုရင် . . . မျက်စိမှာရှိသော အကြည်ရုပ်သည် “ကမ္မဇရုပ်”ပါ။ သူဟာ ကံစွမ်းအားကြောင့် ဖြစ်လာတာပါ။ သူလည်း ဝိပါက . . . အကျိုးအဖြစ် ဖြစ်ထွန်းလာတာဖြစ်ပါတယ်။

ဒီတော့ . . . မျက်စိမှာဖြစ်သော ရုပ်တရားသည် “အကျိုးဖြစ်သောရုပ်တရား” ဖြစ်ပါတယ်။ ကံစွမ်းအား၏အကျိုးအဖြစ်နဲ့ပေါ်ထွက်လာသော ရုပ်တရားပါပဲ။ မျက်စိအကြည်သည် . . . ကမ္မဇရုပ်၊ နားအကြည်သည် . . . ကမ္မဇရုပ်၊ ကိုယ်အကြည်သည် . . . ကမ္မဇရုပ်၊ လျှာအကြည်သည် . . . ကမ္မဇရုပ်၊ နှာခေါင်းအကြည်သည် . . . ကမ္မဇရုပ် . . . များ ဖြစ်ကြပါတယ်။ သူတို့အားလုံးဟာ ထူးခြားသော ရုပ်တရားတွေပါ။

ဒီကမ္မဇရုပ်တရားပေါ်မှာ ရပ်တည် ပြီးမှ အကျိုး . . . ဝိပါကဝိညာဉ်များ . . . ဖြစ်နိုင်ပါတယ်။ “မြင်စိတ်” သည် မျက်စိအကြည် ပေါ်မှာသာ ရပ်တည်နိုင်ပါတယ်။ မျက်စိအကြည်ရဲ့စွမ်းအားဟာ . . . ကမ္မဇရုပ်ဖြစ်ခြင်း ကြောင့် . . . မြင်စိတ်ဖြစ်အောင် ထောက်ပံ့ပေးနိုင်ပါတယ်။

မြင်စိတ်ဟာ . . . မျက်စိအကြည်ပေါ်မှာရပ်တည်ပြီး “မြင်ကိစ္စ”ကို ဆောင်ရွက်ပါတယ်။ ဒီလိုဆောင်ရွက်နိုင်ခြင်းဟာ . . . သူကိုယ်တိုင်က (မျက်စိအကြည်ကိုယ်တိုင်က). . . ကမ္မဇရုပ်ဖြစ်နေလို့ . . . ဖြစ်ပါတယ်။ နာမ်ဓါတ်ဖြစ်သော “မြင်စိတ်” ထွက်ပေါ်လာအောင် . . . ကမ္မဇရုပ်ကဆောင်ရွက်ပေး နိုင်တာဖြစ်ပါတယ်။

ဒီတော့ . . . ရုပ်တရားတွေဆိုရာမှာ . . . အကြည်ရုပ်များဖြစ်ကြပါတယ် . . . ဒီအကြည်ရုပ်များအပြင် . . . တစ်ခြားရုပ်များလည်း ရှိပါသေးတယ် . . . ။

ဒီရူပက္ခန္ဓာကြီးတစ်ခုလုံး ရှင်နေအောင် ဆောင်ရွက်နေတဲ့ ရုပ်ဟာ . . . ဇီဝိတရုပ် (သို့မဟုတ်) ဇီဝိတိန္ဒြေရုပ် . . . ဖြစ်ပါတယ်။ ဒီလိုရှင်နေအောင် ထောက်ပံ့နေတဲ့ “ဇီဝိတိန္ဒြေရုပ်ဟာလည်း ကံစွမ်းအားကြောင့် ဖြစ်ပေါ်လာသော ကမ္မဇရုပ်ပဲဖြစ်ပါတယ်။ ယခုလို “ရှင်”နေမှ စက္ခုပသာဒ၊ သောတပသာဒ တို့ အလုပ်လုပ်လို့ရပါတယ်။



ခန္ဓာငါးပါးဖြစ်သော “အချိန်” ကိုလည်း . . . သိပြီ။ ခန္ဓာငါးပါးဖြစ်သော နေရာ. . . ဘယ်မှာလဲ . . . အပ်နဲ့အထိုးခံရတဲ့နေရာလေးတည့်တည့်မှာ . . . ဖြစ်ပါတယ်။ ဒီတော့ . . . ခန္ဓာငါးပါးသည် . . . ဒီလို အပ်နဲ့ထိုးတဲ့အချိန်ကလေးမှာပဲ . . . အပ်ထိုးခံရတဲ့နေရာလေးမှာပဲ . . . ဖြစ်ပါတယ်။

ခန္ဓာငါးပါး . . . ရယ်လို့ ပါးစပ်ကပြောနေသော်လည်း . . . ဘယ်နေရာ . . . ဘယ်အချိန်လဲ . . . ဆိုတာကို အခုပြောနေသော “ဥပမာ” ကိုကြည့်ရင် သိပါပြီ။ “အပ်နဲ့အထိုးခံရသော အချိန်” . . . “အပ်နဲ့အထိုးခံရသော နေရာ . . . မှာသာ “ခန္ဓာငါးပါး” . . . ဖြစ်ရပါတယ်။ “အလုပ်ငါးမျိုး . . . လုပ်ရပါတယ်။ “လိုအပ်” လို့ လုပ်ရပါတယ်။ ဘာလုပ်ဖို့လုပ်ရတာလဲ . . . ဆိုလာရင် . . . ခန္ဓာကိုယ်ပျက်စီးမှာစိုးလို့ . . . သူရဲ့ဝတ္တရားအရ. . . “ဒုက္ခဝေဒနာ” နဲ့ သတင်းပို့တဲ့အလုပ်ကိုလုပ်ရတာဖြစ်ပါတယ်။

သေချာထပ်ပြီး စဉ်းစားကြရအောင် . . . အပ်နဲ့လက်မောင်းကိုထိုးတဲ့အချိန်မှာ. . . “လက်မောင်း” မှာပဲ . . . “ခန္ဓာငါးပါး” ကဖြစ်ပါတယ်။ ဆရာဝန်က . . . လက်မောင်းနေရာမဟုတ်တော့ပဲ . . . တင်ပါး . . . ကို ဆေးထိုးအုံးမယ်ဆိုပြီး . . . တင်ပါးနေရာကိုအပ်နဲ့ထိုးပြန်ပါတယ်။ ဒီတော့ . . . တင်ပါးနေရာမှာပဲ . . . “နာကျင်ခြင်း” ဖြစ်ပါတယ်။ “နာကျင်ခြင်း” ဖြစ်တာဟာ . . . ထိုးတဲ့အချိန်မှာပါ။ ထိုးတဲ့အချိန်ဟာ . . . “ပစ္စုပ္ပန်အချိန်” . . . ပါ။ အထိုးခံရတဲ့နေရာဟာ . . . “တင်ပါးနေရာ” . . . ဖြစ်ပါတယ်။ ဒီတော့ . . . “သူ့နေရာနဲ့သူ့အချိန်” . . . ဖြစ်ပါတယ်။ တင်ပါးကိုထိုးတဲ့အချိန် . . . တင်ပါးမှာ . . . “ခန္ဓာငါးပါး” ဖြစ်ပါတယ်။ လက်မောင်းကိုထိုးတဲ့အချိန် . . . လက်မောင်းမှာ . . . “ခန္ဓာငါးပါး” ဖြစ်ပါတယ်။ တစ်ချိန်နဲ့တစ်ချိန် မတူပါ . . . အချိန်ချင်းကွဲပါတယ်။ ထို့အတူ . . . နေရာချင်းတူသလားဆိုတော့ . . . နေရာချင်းလည်း မတူပါဘူး - နေရာချင်းကွဲပါတယ်။

ခန္ဓာငါးပါးဟာ “သူ့အချိန်နဲ့သူ” “သူ့နေရာနဲ့သူ” ဖြစ်တယ်. . . ပြီးတော့လည်း . . . ပျက်ရပါတယ်။

ခန္ဓာငါးပါးဟာ ဖြစ်လည်းဖြစ်တယ်၊ ပျက်လည်းပျက်ပါတယ်။

. . . သင်္ခါရက္ခန္ဓာ၊ . . . သုံးပါးစလုံး . . . ပါဝင်ပြီး၊ နာမ်ခန္ဓာလေးပါးပူးပေါင်းလျက် အလုပ်လုပ်ကြပါတယ်။

နာမ်ခန္ဓာလေးပါးပူးပေါင်းပြီး အလုပ်လုပ်တဲ့သဘောဟာ . . . “နာတယ်” လို့ပြောတာပါ။ အဘယ်ကြောင့် . . . ပြောရတာလဲ . . . ဒီအရေပြားကို ဖောက်ထွင်းသွားတဲ့ “ဘေးရန်”ကြောင့် . . . အရေပြားပျက်စီးတယ်၊ အရေပြားပေါ်မှာတပ်ဆင်ထားတဲ့ “ကာယပသာဒ” တွေ ပျက်စီးပါတယ်။ ကာယပသာဒရဲ့ဝတ္ထုရားက . . . အရေပြား ပျက်စီးနေတာကို . . . ပျက်စီးနေပါပြီလို့ “ဒုက္ခဝေဒနာ” စကားနဲ့ပြောပေးရပါတယ်။ အဲဒီသဘောကို သေသေချာချာစဉ်းစားဖို့လိုပါတယ်။

အပ်ကလေးနဲ့ထိုးသောအချိန်တွင် “နာကျင်သော-ဒုက္ခဝေဒနာ” ပေါ်လာပါတယ်။ အဲဒါဟာ . . . နာမ်ခန္ဓာနဲ့ ရုပ်ခန္ဓာတို့ ဝိုင်းပြီးအလုပ်လုပ်တာဖြစ်ပါတယ်။ နာမ်ခန္ဓာလေးပါး ဖြစ်ပြီး ရုပ်ခန္ဓာကတစ်ပါးဖြစ်ပါတယ်။ အားလုံးပေါင်းလိုက်ရင် . . . ခန္ဓာငါးပါးဖြစ်သွားပါတယ်။

ဒီခန္ဓာငါးပါးဘယ်အချိန်မှာပေါ်ပါသလဲ . . . အပ်နဲ့ထိုးသောအချိန်မှာ . . . ပေါ်တာပါ။ ဒီတော့ အဲဒီ . . . “ခန္ဓာငါးပါး” . . . ပေါ်တဲ့အချိန်ကို သေသေချာချာ . . . မှတ်ထားရပါမယ်။

အပ်ကလေးနဲ့အရေပြားကို ထိုးဖောက်သောအချိန်မှာ . . . နာကျင်ခြင်းဖြစ်ပါတယ်။ ဒါဟာ . . . ခန္ဓာငါးပါးက သူ့အလုပ်ကိုသူလုပ်ပြတဲ့သဘောဖြစ်ပါတယ်။ အထိုးခံရတဲ့အချိန်ဟာ . . . ဘယ်လိုအချိန်လဲ . . . ပြောရင် . . . “ပစ္စုပ္ပန်တည့်တည့်အချိန်” လို့ပြောပါတယ်။ ပစ္စုပ္ပန်တည့်တည့်မှာ . . . နာကျင်သောဝေဒနာက္ခန္ဓာပေါ်ပါတယ်။ ဝေဒနာက္ခန္ဓာနဲ့တွဲပြီး . . . ဝိညာဉ်၊ သညာ၊ သင်္ခါရ . . . တို့လည်း ပါဝင်ပြီး အလုပ်လုပ်ပါတယ်။ “ရုပက္ခန္ဓာ” ကလည်း ပူးတွဲပြီးအလုပ်လုပ်ရပါတယ်။ အဲဒီတော့ . . . ခန္ဓာငါးပါးဖြစ်နေတာဟာ အမှန်ပါပဲ။ ခန္ဓာငါးပါးဖြစ်တဲ့အချိန်ဟာ အပ်နဲ့ထိုးတဲ့အချိန်ဆိုတာလည်း သိပါပြီ။



အခု . . . ရုပ်ခန္ဓာက . . . တစ်ပါး၊ နာမ်ခန္ဓာက . . . လေးပါး။ သူတို့ (၂)ခု ကို တွဲလိုက်တော့ “ခန္ဓာငါးပါး” . . . ဖြစ်သွားပါတယ်။ ဒီခန္ဓာငါးပါးဟာ - ဝိပါကဝဋ်မှာ အလုပ်လုပ်နေသော “ခန္ဓာငါးပါး” ဖြစ်ပါတယ်။ ဒီဝိပါကစက်ဟာ . . . ကံစွမ်းအားရနေခြင်းကြောင့် ဖြစ်ပေါ်နေသော စက်ဖြစ်ပါတယ်။

ဝိပါကစက်လည်တဲ့အခါမှာ -ခန္ဓာငါးပါးက အလုပ်လုပ်ရပါတယ်။ အဲဒီမှာ ရုပ်ခန္ဓာက တစ်ပါးနဲ့ နာမ်ခန္ဓာကလေးပါးတို့ အလုပ်လုပ်ကြပါတယ်။ ဒီသဘောတွေကို မိမိရဲ့ဉာဏ်နဲ့ သေသေချာချာစဉ်းစားနိုင်အောင် . . . လုပ်ဖို့လိုပါတယ်။

စိတ်ဆိုသောစိတ်ထဲမှာ စွမ်းအားတွေပါပါတယ်။ သိအား၊ မှတ်အား၊ ခံစားတဲ့အား၊ အားထုတ်တဲ့အား လေးမျိုးစလုံး နာမ်ခန္ဓာမှာပါဝင်နေပါတယ်။ သို့သော် . . . ဒီနာမ်ခန္ဓာ အမျိုးမျိုးရှိတဲ့အထဲမှာ . . . အခု နာမ်ခန္ဓာက . . . “ဝိပါကနာမ်ခန္ဓာ” . . . ဖြစ်ပါတယ်။

ထို့အတူပဲ . . . ရုပ်တရားတွေမျိုးမျိုးရှိကြပါတယ်။ ဒီအထဲက . . . ပသာဒရုပ်ခေါ်တဲ့ “အကြည်ရုပ်ငါးမျိုး” . . . ဆိုတာရှိပါတယ်။ သူတို့ကို စက္ခုပသာဒ၊ သောတပသာဒ၊ ဃာနပသာဒ၊ ဇိဝှါပသာဒ၊ ကာယပသာဒ . . . လို့ခေါ်ပါတယ်။

သူတို့ (၅)မျိုးဟာ “ကမ္မစွမ်းအား” ကြောင့် ထွက်ပေါ်လာတာဖြစ်လို့ သူတို့ကို “ကမ္မဇရုပ်” များလို့ ပြောရပါတယ်။ “ကမ္မဇရုပ်” လို့ခေါ်ရတဲ့အတွက်ဘာများထူးပါသလဲ. . . ဆိုရင် . . . အခြားရုပ်များက “နာမ်ဓါတ်” ဖြစ်သော “သိမှု” . . . “မှတ်မှု” များ . . . ထွက်ပေါ် လာအောင် အထောက်အပံ့မပေးနိုင်ပါဘူး။

ကမ္မဇရုပ်ဖြစ်သော “စက္ခုပသာဒ” က “မြင်စိတ်” ဖြစ်လာအောင် ထောက်ပံ့ပေးနေပါတယ်။ ဒါကြောင့် . . . စက္ခုပသာဒ က . . . “မြင်စိတ်” . . . ဖြစ်အောင်၊ သောတပသာဒ က . . . “ကြားစိတ်” ဖြစ်အောင်၊ ဃာနပသာဒ က . . . “အနံ့စိတ်” ဖြစ်အောင်၊ ဇိဝှါပသာဒ က . . . “ရသာစိတ်” ဖြစ်အောင်၊ ကာယပသာဒ က . . . “အတွေ့စိတ်” ဖြစ်အောင် ထောက်ပံ့ပေးနိုင်ကြပါတယ်။

ဆိုလိုတာက . . . **"နာမ်ဓါတ်" ထွက်ပေါ်လာအောင် ဆောင်ရွက်ပေးသော ရုပ်တရား သည် "ကမ္မဇရုပ်" ဖြစ်ပါတယ်။** ဒီသဘောကို သေသေချာချာမှတ်ထားဖို့ လိုအပ်ပါတယ်။

အခုအခါမှာ . . . လူတွေဘယ်လောက်စွမ်းလို့ ဘယ်လိုစက်တွေနဲ့ပဲလုပ်လုပ် . . . "နာမ်ဓါတ်" ထွက်ပေါ်လာအောင်လုပ်လို့မရပါဘူး။ "နာမ်ဓါတ်" ဆိုရာမှာ . . . "သိအား". . . "မှတ်အား" တွေပါတဲ့စွမ်းအားဖြစ်ပါတယ်။

"သိ" ဆိုတဲ့ "အသိ" မျိုးဖြစ်လာအောင် လူတို့တီထွင်သောစက်က လုပ်လို့မရပါဘူး။ "ကံစွမ်းအား" ကသာလျှင် လုပ်ပေးနိုင်ပါတယ်။ အဲဒီသဘာဝတွေကို သေသေချာချာ နှလုံးသွင်းဆင်ခြင်တတ်အောင် ကြိုးစားနေကြခြင်းဖြစ်ပါတယ်။

ရူပက္ခန္ဓာမှာရှိတဲ့ "ကမ္မဇရုပ်" တွေအကြောင်းသိပါပြီ။ ဒီလိုပဲ . . . "နာမက္ခန္ဓာ" မှာ ဖြစ်တဲ့ ဝိပါကနာမ်ဓါတ်တွေရှိပါသေးတယ်။

ဝိပါကနာမ်ဓါတ်တွေထဲမှာ . . . "ဝိညာဏက္ခန္ဓာ" လို့ခေါ်တဲ့ "သိကိစ္စ" ကို ဆောင်ရွက်သောအဖွဲ့ရှိပါတယ်။ သူ့ကို "ဝိပါကဝိညာဏက္ခန္ဓာ" လို့ခေါ်ပါတယ်။ ထို့အတူ . . . "မှတ်တဲ့ကိစ္စ" ကို ဆောင်ရွက်တဲ့အဖွဲ့ရှိပါတယ်။ "သညာက္ခန္ဓာ"ဖြစ်ပါတယ်။ သူဟာလည်း "ဝိပါက သညာက္ခန္ဓာ" ဖြစ်ပါတယ်။

"ဝေဒနာ" ခေါ်သော ခံစားမှုတွေကို ဆောင်ရွက်တဲ့ နာမ်ဓါတ်လည်းရှိပါတယ်။ သူဟာလည်း "အကျိုး" အဖြစ်ပေါ်ထွက်လာလို့ "ဝိပါကဝေဒနာက္ခန္ဓာ" လို့ခေါ်ရပါတယ်။

ထို့အတူပါပဲ . . . "စေတနာ" နဲ့ဆောင်ရွက်တာကို "သင်္ခါရ" လို့ခေါ်ပါတယ်။ အဲဒီအဖွဲ့ကိုတော့ . . . "သင်္ခါရက္ခန္ဓာ" ခေါ်ပါတယ်။ သူကလည်း "အကျိုး" အဖြစ် ထွက်ပေါ်လာလို့ . . . သူ့ကိုလည်း . . . "ဝိပါကသင်္ခါရက္ခန္ဓာ" လို့ခေါ်ပါတယ်။

ဝိပါကစက်လည်နေပုံကို သဘောပေါက်ဖို့လိုပါတယ်။ ဒီစက်လည်ရခြင်းဟာ "ကံစွမ်းအား" ကြောင့် ဖြစ်ပါတယ်။ ဒီ. . . ကံစွမ်းအားခေါ်တဲ့ "ကမ္မသတ္တိ"ဟာ . . . ဒီ ခန္ဓာငါးပါးမှာပဲ ဝန်းရံနေပါတယ်။ ဒီလိုဝန်းရံနေတဲ့ "ကံစွမ်းအား" တွေကို . . . "နာနက္ခဏိက ကံစွမ်းအား" လို့ ခေါ်ပါတယ်။



အခုလို . . . "ဒုက္ခဝေဒနာ" . . . "ဒုက္ခဝေဒနာ" . . . လို့ပြော . . . ပြောနေကြတာဟာ . . . ဘာလဲဆိုရင် . . . နာမက္ခန္ဓာ ထဲက . . . တစ်ခုအပါအဝင်ဖြစ်တဲ့ "ဝေဒနာက္ခန္ဓာ" ပဲဖြစ်ပါတယ်။

ဒါကြောင့် . . . နာတာဟာ. . . "ဝေဒနာက္ခန္ဓာ" ပါ။ ဒီ ဝေဒနာက္ခန္ဓာလေးက သူတစ်ခုတည်းပေါ်လာတာမဟုတ်ပါဘူး. . . အဲဒီအချိန်မှာပဲ . . . သူက ရှေ့ဆောင်ပြီး. . . သူနဲ့အတူ . . . သိတဲ့ . . . "ဝိညာဏက္ခန္ဓာ" လည်းဖြစ်တယ်။ မှတ်တဲ့ . . . "သညာက္ခန္ဓာ" လည်းဖြစ်တယ်။ အားထုတ်တဲ့ . . . "သင်္ခါရက္ခန္ဓာ" လည်းဖြစ်တယ်။ နာတဲ့အချိန်ကလေးမှာ . . . ဒီ နာမ်ခန္ဓာလေးပါးစလုံးဖြစ်ပါတယ်။ ဒါဟာ ဘယ်အချိန်မှာ . . . နာမ်ခန္ဓာဖြစ်သလဲ. . . ဆိုရင် . . . အပ်နဲ့ထိုးတဲ့အချိန်ကလေးမှာပဲ . . . ဖြစ်ပါတယ်။ အဲဒီမှာ . . . သေသေချာချာ စဉ်းစားဖို့လိုတာက . . . အဲဒီလို ထိုးလိုက်တဲ့အချိန်ကလေးမှာ ထင်ရှားပေါ်လာတာဟာ . . . "ဒုက္ခဝေဒနာ" ပါပဲ။

ဒုက္ခဝေဒနာနဲ့တွဲပြီး ဖြစ်ပေါ်လာတဲ့ ဝိညာဏက္ခန္ဓာ၊ သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာဆိုတဲ့ ခန္ဓာသုံးပါးလည်း တစ်ပြိုင်တည်းပါလာပါတယ်။ အဲဒီလို . . . နာတဲ့ကိစ္စကို ဆောင်ရွက်ပေးတဲ့ နာမ်ခန္ဓာလေးပါးအပြင် . . . နာတာလေးကို သတင်းပို့ပေးတဲ့ "ကာယပသာဒ" ခေါ်တဲ့ ကိုယ်အကြည်ရုပ်က . . . ရူပက္ခန္ဓာတစ်ပါးအဖြစ်နဲ့ ပါဝင်ပြီး အလုပ်လုပ်ကြပါတယ်။ အဲဒီလို. . . ရူပက္ခန္ဓာနဲ့ နာမက္ခန္ဓာလေးပါးတို့ပူးပေါင်းပြီး အလုပ်လုပ်ကြပါတယ်။ ဒီလို အလုပ်လုပ်လိုက်တော့မှ . . . "နာကျင်ခြင်း" ဆိုသော "ဒုက္ခဝေဒနာ" ထွက်ပေါ်လာပါတယ်။ ဒီဒုက္ခဝေဒနာဟာ "အကျိုးဝေဒနာ" ဖြစ်ပါတယ်။ သူ့ကို "ဝိပါကဝေဒနာ" လို့လည်းခေါ် ပါတယ်။

အပ်ကလေးနဲ့ထိုးသောအချိန်တွင် ထွက်ပေါ်လာသောနာကျင်ခြင်းဆိုတဲ့ "ဒုက္ခဝေဒနာ"တစ်ခုသာထင်ရှားပေမယ်လို့ . . . ဒီဒုက္ခဝေဒနာနဲ့တွဲ၍ . . . သိခြင်းဆိုသော ဝိညာဏက္ခန္ဓာ၊ . . . မှတ်ခြင်းဆိုသော သညာက္ခန္ဓာ၊ . . . အားထုတ်ခြင်းဆိုသော

အဲဒီ ငါးမျိုးစလုံး (နာမ် လေးပါး +ရုပ်) ဟာ "ပစ္စုပ္ပန်တည့်တည့်" အချိန်မှာ "အလုပ်လုပ်" နေကြပါတယ်။ ပစ္စုပ္ပန်တည့်တည့် အဟုတ်အလုပ်လုပ်နေသောအခါမှာတင် "ခန္ဓာငါးပါး" က ပေါ်နေပါတယ်။

ခန္ဓာငါးပါးလို့ပြောလိုက်တိုင်း အမြဲတန်းမြင်နေရတဲ့ အစိုင်အခဲနဲ့ ရှိနေတဲ့ခန္ဓာကိုပဲ. . . "ခန္ဓာ" လို့မှတ်ယူနေကြပါတယ်။ အခုပြောတဲ့ခန္ဓာက . . . "အလုပ်ခန္ဓာ" . . . ဖြစ်ပါတယ်။

"ခန္ဓာငါးပါးဟာ အမြဲမရှိပါဘူး . . . ။ ဒီတော့ "ခန္ဓာငါးပါး" ဟာ အမြဲရှိပါသလား?

ဘယ်အချိန်မှာ . . . ထင်ရှားရှိတာလဲဆိုရင် အလုပ်လုပ်သော ပစ္စုပ္ပန်အချိန်မှာ အထင်အရှားရှိပါတယ်။ ဒီသဘာဝတရားများကို ဉာဏ်ရောက်ပြီးစဉ်းစားနိုင်ရပါမယ်။

ယခင်နေ့တွေကလည်း ပြောခဲ့ပြီးပါပြီ . . . ဒီခန္ဓာကိုယ်တစ်ခုလုံးကို အရေပြားနဲ့ ဖုံးလွှမ်းထားပါတယ်။ ဒီအရေပြားတစ်ခုလုံးမှာ "ကာယပသာဒ" တွေတပ်ဆင်ထားပါတယ်။ ဒီ "ကာယပသာဒ" တွေကို ဘယ်အတွက်ကြောင့် တပ်ဆင်ထားရသလဲ . . . ဆိုရင် . . . ခန္ဓာကိုယ်ပေါ်သို့ ကျရောက်လာသော ဘေးရန်များကို . . . "ဘေးရန်ကျရောက်နေပါပြီ" လို့ပြောဖို့အတွက် (သတိပေးဖို့အတွက်) ဒီပသာဒရုပ်များကို တပ်ဆင်ထားရခြင်းဖြစ်ပါတယ်။ ဒီသဘောတွေကို သေသေချာချာ စဉ်းစားပါ။

ဒီခန္ဓာကိုယ်ကြီးတစ်ခုလုံး၏ ဘယ်နေရာမှာပဲဖြစ်ဖြစ် . . . "ကိုယ်အကြည်ရုပ်" ရှိပါတယ်။ ဒီကိုယ်အကြည်ရုပ်ကလေးက . . . သူ့ကိစ္စပေါ်လာရင် သူ့နေရာနဲ့သူအလုပ်လုပ် ပါတယ်။ ဥပမာပြောကြပါစို့ . . . ။

ဆရာဝန်ဆီသွားရင် . . . ဆရာဝန်က . . . ဆေးထိုးဖို့လိုတယ်ဆိုရင် ဆေးထိုးပေးပါ တယ်။ လက်မောင်းမှာ ဆေးထိုးတယ်ဆိုပါစို့။ ဆေးထိုးတဲ့အချိန်ကို . . . သေသေ ချာချာကြည့်ရအောင် . . . အပ်ကလေးနဲ့ အရေပြားထဲကို ထိုးထည့်လိုက်တာနဲ့တစ်ပြိုင်တည်း . . . "ဒုက္ခဝေဒနာ" ပေါ်လာတယ်။ "အရေပြားမှာ "နာလာတာ" ဟာ ဒုက္ခဝေဒနာပါ". . . ဘယ်အချိန်မှာ . . . နာတာလဲဆိုရင် . . . အပ်နဲ့အကြည်ရုပ်တို့ထိသောအချိန်မှာ . . . နာကျင်ခြင်းဆိုသော ဒုက္ခဝေဒနာထွက်ပေါ်လာပါတယ်။



အဲဒီ "နာနက္ခဏိက-ကံစွမ်းအား" အဆောက်အအုံကြီးထဲက . . . စွမ်းအားတွေကို . . . ဒီ ဝိပါကစက်က . . . သုံးနေရပါတယ်။ "ဝိပါကစက်" က ကံစွမ်းအားတွေကိုသုံးတဲ့ အလုပ်လုပ်နေပါတယ်။ ဒီ ကံစွမ်းအားတွေကြောင့် ရုပ်အသစ်၊ နာမ်အသစ် . . . တို့ဖြစ် ဖြစ်နေပါတယ်။ ဘယ်လိုဖြစ်တာလဲဆိုရင် . . . အခုပြောနေတဲ့စကားလုံးတွေကို နားထောင် နေသောအချိန်တွင် "ကြားစိတ်" ဖြစ်ပါတယ်။ ဒီ "ကြားစိတ်"ကလေးတစ်ခု ပျောက်ကွယ်သွား ရင် နောက်ထပ် "ကြားစိတ်" အသစ်တစ်ခုဖြစ်ပါတယ်။

ဒီလို အသစ်. . . အသစ်. . . "ကြားစိတ်" တွေဖြစ်နေတာဟာ . . . "ကမ္မသတ္တိ" ရဲ့ စွမ်းအားကြောင့် ဖြစ်နေရတာပါ။ ဒီလို . . . အသစ်. . . အသစ် ဖြစ်သော "နာမ်ဓါတ်"ကို ထုတ်ပေးနေသောကံကို "ဇနကကံ" လို့ခေါ်ပါတယ်။ ဒီ . . . ဇနကကံရဲ့စွမ်းအားကြောင့် ပထမကြားစိတ်ဖြစ်ပြီးရင်. . . နောက်ထပ်ကြားစိတ်အသစ် ဆက်ဖြစ်ပေးရပါတယ်။

"မြင်စိတ်" လည်းဖြစ်ပြီးရင် . . . နောက်ထပ် "မြင်စိတ်အသစ်" ဖြစ်ပေးရပါတယ်။ အတွေ့စိတ်တွေလည်း နောက်ထပ်အသစ်အသစ်. . . ဖြစ်ပေးရပါတယ်။ အနံ့စိတ်. . . အရသာစိတ်. . . တွေလည်း အသစ် အသစ်. . . ဖြစ် . . . ဖြစ်ပေးရပါတယ်။

ဒီလို . . . သိတဲ့သဘောက "ဝိညာဏက္ခန္ဓာ"၊ မှတ်တဲ့သဘောက "သညာက္ခန္ဓာ"၊ ခံစားတဲ့သဘောက "ဝေဒနာက္ခန္ဓာ"၊ အားထုတ်တဲ့သဘောက "သင်္ခါရက္ခန္ဓာ" ဆိုတဲ့ နာမ်ခန္ဓာလေးပါးအပြင် "ခန္ဓာငါးမျိုးလုံး" လည်နေတဲ့ စက်ကြီးဖြစ်ပါတယ်။ အဲဒီစက်ကြီးကို . . . "ဝိပါကစက်" လို့ခေါ်ပါတယ်။ ပါဠိလို "ဝိပါကဝဋ္ဋ" . . . ဖြစ်ပါတယ်။

အထောက်အပံ့ပေးနေတာက . . . "ကံစွမ်းအား"။ ဖြစ်ပေါ်လာတာတွေက "နာမ်ဓါတ်" နဲ့ "ရုပ်ဓါတ်" ပါ။ သူတို့အလုပ်တွေလုပ်ကြလို့ . . . ဒီစက်ကြီးကလည်တာပါ။ အဲဒီသဘောကို နားလည်အောင်သေသေချာချာစဉ်းစားရပါမယ်။

ဒီတော့ . . . စက်လည်တယ်ဆိုတာဟာ အလုပ်လုပ်မှုလည်ပါတယ်။ "အကျိုးဝိပါက" လုပ်တဲ့အလုပ်တွေမှာ . . . သိတဲ့သဘောလည်း ပါလာတယ်။ မှတ်တဲ့သဘောလည်း ပါလာတယ်။ ခံစားတဲ့သဘောလည်း ပါတယ်။ အားထုတ်တဲ့သဘောလည်း . . . ပါတယ်။

ဒီအဖွဲ့လေးဖွဲ့ကို . . . "နာမ်ခန္ဓလေးပါး" လို့ခေါ်ပါတယ်။ သူတို့ဟာ . . . ကမ္မသတ္တိစွမ်းအားကြောင့် ပေါ်လာရပါတယ်။ "နာမ်ခန္ဓာ" အလုပ်လုပ်နိုင်အောင် အကြည်ရုပ်များက အထောက်အပံ့ပေးပါတယ်။ စက္ခုပသာဒ က မြင်စိတ်ဖြစ်အောင် ထောက်ပံ့ပါတယ်၊ သောတပသာဒ က ကြားစိတ်ဖြစ်အောင် ထောက်ပံ့ပါတယ်။ ဒီထောက်ပံ့ပေးနေသောရုပ်များဟာ ကံကြောင့်ဖြစ်ခြင်းကြောင့် "ကမ္မဇရုပ်" လို့ ခေါ်ပါတယ်။

ကမ္မဇရုပ်၏အစွမ်းသည် "နာမ်ခန္ဓာ" ကို ထောက်ပံ့ပေးနိုင်ပါတယ်။ ကမ္မဇရုပ်ဖြစ်တဲ့ "စက္ခုပသာဒ" ဟာလည်း . . . ဖြစ်ပြီးတာနဲ့ ပျက်ပါတယ်၊ အဟောင်းပျက်တဲ့နေရာမှာ အသစ်ဖြစ်ပေါ်လာအောင် "ဇနကကံ" က ထောက်ပံ့ပေးနေပါတယ်။

အဲဒီသဘာဝတွေကို သေသေချာချာသဘောပေါက်အောင် ကိုယ့်ဉာဏ်နဲ့စဉ်းစားဖို့ လိုအပ်ပါတယ်။

"ဝိပါကဝဋ္ဋ"ဆိုတဲ့ "ဝိပါကဝဋ္ဋ်"လည်နေသည့်အတွက် . . . အလုပ်တွေလုပ်နိုင်တာပါ။ ဒီစက်လည်တာကို အလုပ်တွေလုပ်တာလို့ ပြောပါတယ်။ အလုပ်တွေလုပ်နေတာကိုတော့ . . . "သင်္ခါရ" လို့ခေါ်ပါတယ်။ အလုပ်လုပ်တဲ့ . . . အဖွဲ့ကြီးကိုတော့ . . . "သင်္ခါရက္ခန္ဓာ"လို့ ခေါ်ပါတယ်။ ဒီ "သင်္ခါရက္ခန္ဓာ" ဆိုတာဟာ . . . "ဝိပါကသင်္ခါရက္ခန္ဓာ" ဖြစ်ပါတယ်။ အဲဒီစကားလုံးရဲ့ ထူးခြား ချက်ရှိပါတယ်။ "သင်္ခါရ" ဆိုတဲ့အလုပ်ကို "စေတနာစွမ်းအား" နဲ့ လုပ်ပါတယ်။

"သင်္ခါရ" . . . "သင်္ခါရ" ရလို့ပြောသာပြောနေကြရတယ်။ သူ့သဘောကဘယ်လိုလဲ . . . ဆိုတော့ . . . မျက်စိက မြင်ကိစ္စကို ဆောင်ရွက်တာလည်း "သင်္ခါရ" . . .၊ နားက ကြားကိစ္စကို ဆောင်ရွက်တာလည်း "သင်္ခါရ"၊ လျှာက အရသာကိစ္စ ဆောင်ရွက်တာလည်း "သင်္ခါရ"၊ နှာခေါင်းက အနံ့ပေါ်အောင် ဆောင်ရွက်တာလည်း "သင်္ခါရ"၊ ကိုယ်က အတွေ့ ကိစ္စဆောင်ရွက်တာလည်း "သင်္ခါရ" လို့ခေါ်ပါတယ်။

ဒီလို "သင်္ခါရ" တွေလုပ်ကြတဲ့အခါ . . . "စေတနာ" နဲ့လုပ်သော "သင်္ခါရ" တွေ အလုပ်လုပ်ရင် ဝိပါကစက်က ထုတ်လုပ်သော သင်္ခါရတို့ဟာ . . . စက်လည်ပြီး အလုပ်ဖြစ်ရုံပဲ . . . လုပ်ပါတယ်။ သူတို့ဟာ (သင်္ခါရ) "နာနက္ခဏိက ကမ္မအား" နဲ့ လည်နေတာဖြစ်ပါတယ်။



ဒီလို "ပစ္စုပ္ပန်" မှာ အလုပ်လုပ်နေတာပါလို့ . . . ပြောလိုက်တော့. . . ခန္ဓာငါးပါးဟာ ဘယ်အချိန်မှာသာ ထင်ရှားနေတာလဲ? ပစ္စုပ္ပန်မှာသာ . . . ခန္ဓာငါးပါးက ထင်ရှားနေပါတယ်။ ဘာနဲ့ထင်ရှားနေပါသလဲ . . . အလုပ်နဲ့ထင်ရှားနေတာဖြစ်ပါတယ်။ အဲဒီသဘာဝကို သေသေချာချာသိအောင် လုပ်ရပါမယ်။ ဒီသဘာဝကိုမှမသိရင် . . . ပါးစပ်က "ခန္ဓာငါးပါး" . . . လို့ ပြောနေသော်လည်း . . . လိုရင်းသို့မရောက်နိုင်ပါဘူး။

"ခန္ဓာငါးပါးဟာ . . . အလုပ်ငါးမျိုး" ပါ။ အလုပ်ငါးမျိုး . . . အဟုတ်အလုပ်လုပ်နေတဲ့ အချိန်မှာမှ "နာမက္ခန္ဓာ" ကလည်း ပေါ်ရတာပါ။ "ရူပက္ခန္ဓာ" ကလည်းပေါ်ရပါတယ်။

"မြင်စိတ်" ဖြစ်နေတဲ့အချိန် . . .၊ မြင်သိစိတ်အဖွဲ့ . . . (ဝိညာဏအဖွဲ့)၊ မှတ်တဲ့ သညာအဖွဲ့ . . .၊ ခံစားတဲ့ ဝေဒနာအဖွဲ့ . . .၊ အားထုတ်တဲ့ စေတနာအဖွဲ့ . . . တို့ ပူးတွဲပြီး အလုပ်လုပ်နေရပါတယ်။ ဒါ့အပြင် သူတို့ကို ထောက်ပံ့ပေး နေတဲ့ စက္ခုပသာဒရဲ့ . . . ရုပ်ခန္ဓာအဖွဲ့ . . . လည်းအလုပ်လုပ်ရပါတယ်။ သူတို့ပူးတွဲပြီး (ခန္ဓာငါးပါး) အလုပ်လုပ်တုန်းသာလျှင် . . . ထင်ထင်ရှားရှား ပေါ်ကြ ပါတယ်။

ဒီ "မြင်ကိစ္စ" . . . "မြင်စိတ်" ပေါ်ပြီးသွားရင် . . . နောက်ထပ် မရှိတော့ပါဘူး။

ထို့အတူပဲ . . . အခုပြောနေသောစကားတွေကို ကြားနေရပါတယ်။ ကြားတယ်ဆိုတာမှာ. . . "စကား" တစ်လုံးကြားပြီးရင် . . . ဒီ "စကား" လုံးကပျောက်သွားပါတယ်။ ဒီလို စကားတစ်လုံးကို ကြားတယ်ဆိုတာဟာ . . . ဒီစကားတစ်လုံးဖြစ်လာရတာပါ။ ဒီလို "ဖြစ်တဲ့အချိန်" လေးမှာပဲ "ကြားစိတ်" က ဖြစ်ရပါတယ်။

ကြားစိတ်ထဲမှာ . . . ဘာတွေပါရသလဲဆိုရင် . . . သိတဲ့သဘော . . .၊ မှတ်တဲ့ သဘော . . .၊ ခံစားတဲ့သဘော . . .၊ အားထုတ်တဲ့သဘော . . . လေးမျိုးစလုံးပါဝင်ရပါတယ်။ ကြားအောင်ထောက်ပံ့ပေးနေတဲ့ "သောတပသာဒ" "အကြည်ရုပ်" ကလည်း . . . ရုပ်ဘက်ကပူးပေါင်းပါဝင်ရပါတယ်။

“ခန္ဓငါးပါး” ကို သေသေချာချာ . . . စဉ်းစားရင် “အလုပ်လုပ်” မှ “ခန္ဓာငါးပါး” ကပေါ်လာတာပါ။ အလုပ်မလုပ်တဲ့အချိန်မှာ ခန္ဓာငါးပါးမပေါ်ပါဘူး။ မြင်ကိစ္စမလုပ်ရင် . . . ဝိညာဉ်လည်းမရှိဘူး၊ သညာလည်းမရှိဘူး၊ ဝေဒနာလည်းမရှိဘူး၊ သင်္ခါရလည်း မရှိဘူး။ ထို့အတူပါပဲ . . . ရုပ်တွေကလည်း အလုပ်မလုပ်ရင် . . . သူတို့ကလည်း အထောက်အပံ့ မပေးပါဘူး။ အဲဒီတော့ . . . “ခန္ဓာငါးပါး” ဆိုတာဟာ “အလုပ်ငါးပါး” ဖြစ်ပါတယ်။ အဲဒီဟာကို သေသေချာချာသိအောင်လုပ်ရပါမယ်။ အလုပ်ငါးပါးဆိုတာ . . . ဟာ. . . သိကိစ္စကို လုပ်တဲ့ အလုပ်၊ မှတ်ကိစ္စကို လုပ်တဲ့အလုပ်၊ ခံစားမှုကို လုပ်တဲ့အလုပ်၊ အားထုတ်မှုကို လုပ်တဲ့အလုပ် . . . ဆိုတဲ့ နာမ်ခန္ဓာ (၄)ပါး၏ အလုပ်ဖြစ်ပါတယ်။ ထို့အတူပဲ . . . မြင်အောင် ဆောင်ရွက်ပေးတာ . . . ရုပ်၏အလုပ်၊ ကြားအောင်ဆောင်ရွက်ပေးတာ . . . ရုပ်၏အလုပ်။

ဒီတော့ . . . ရုပ်ကလည်း အလုပ်လုပ်မှ၊ နာမ်ကလည်း အလုပ်လုပ်မှ . . . “ခန္ဓာ” ဖြစ်ပါတယ်။ “အလုပ်လုပ်မှ ခန္ဓာ ဖြစ်ပါတယ်”။ “ခန္ဓာ” ဖြစ်လို့ ခန္ဓာငါးပါးလို့ခေါ်တာပါ။ ဒါတွေဟာ. . . “အလုပ်အဖွဲ့ငါးဖွဲ့” ဖြစ်ပါတယ်။ ဒီအဓိပ္ပါယ်တွေကို သေသေချာချာသိအောင် လုပ်ကြပါ။

**“ခန္ဓာငါးပါးသည် . . . အလုပ်ငါးပါး” . . . ဖြစ်ပါတယ်။** “ခန္ဓာငါးပါး” . . . “ခန္ဓာငါးပါး” လို့ ပြောရင် . . . အဲဒီခန္ဓာငါးပါးဆိုတာမှာ . . . နာမ်ခန္ဓာလေးပါးကလည်း . . . နာမ်အလုပ်လေးမျိုး၊ ရုပ်ခန္ဓာကလည်း . . . ရုပ်အလုပ်တစ်မျိုး၊ သူ့အလုပ်နဲ့သူ . . . ငါးပါးစလုံး . . . အလုပ်လုပ်မှ “ခန္ဓာ” ပေါ်လာပါတယ်။ “ခန္ဓာငါးပါး” လို့ပြောရင် . . . အလုပ်ငါးမျိုး ရှိတာကို မြင်ရပါမယ်။ သိရပါမယ်။

ဒီစကားလုံးကို သေသေချာချာကိုင်ထားဘို့ လိုပါတယ်။ “ခန္ဓာငါးပါးသည် . . . အလုပ်ငါးမျိုး” . . . ဖြစ်ပါတယ်။ အလုပ်လုပ်တယ်ဆိုတဲ့စကားမှာ . . . အလုပ်တကယ် ထင်ရှားတာဟာ ဘယ်အချိန်ဖြစ်ပါသလဲဆိုရင် . . . အလုပ်ဟာ . . . အဟုတ်လုပ်နေတဲ့ အချိန်မှာသာလျှင် အလုပ်က ထင်ထင်ရှားရှား ဖြစ်ပေါ်နေတာပါ။ အဲဒါဟာ ဘယ်အချိန် ဖြစ်ပါသလဲ . . . “ပစ္စုပ္ပန်တည့်တည့်” မှာ . . . ထင်ရှားဖြစ်ပေါ်ပါတယ်။ အလုပ်သည် ပစ္စုပ္ပန် တည့်တည့်မှာ အဟုတ်တကယ် အလုပ်လုပ်နေပါတယ်။



အခုလို “သင်္ခါရ” ခေါ်သော “စေတနာ” တွေ အလုပ်လုပ်ရင် “ကမ္မသတ္တိ” ဆိုတဲ့ ကံစွမ်းအားတွေ ထွက်ပေါ်တယ်။

မနောကမ္မ လုပ်ရင် ကံစွမ်းအား ထွက်တယ်၊ ဝစီကမ္မ လုပ်ရင် ကံစွမ်းအား ထွက်တယ်၊ ကာယကမ္မ လုပ်ရင် ကံစွမ်းအား ထွက်တယ်။ အဲဒီလို စေတနာနဲ့ အလုပ်လုပ်တိုင်း ကံစွမ်းအားတွေထွက်ပေမယ်လို့ . . . အဲဒီလို ထွက်တဲ့အလုပ်ကို လုပ်ပေးတဲ့စက်ဟာ . . . “ကမ္မဝဋ္ဋ” . . . “ကိလေသဝဋ္ဋ” ပဲဖြစ်ပါတယ်။

အခုလည်နေတဲ့ ဒီ “ဝဋ္ဋ”က “ဝိပါကဝဋ္ဋ” ဖြစ်ပါတယ်။ ဒီ “ဝိပါကဝဋ္ဋ” လည်အောင် (လည်ရန်အတွက်) ကံစွမ်းအားကလုပ်ပေးနေရပါတယ်။ ဒီလို ကံစွမ်းအားကလုပ်ပေးမှ လည်ရတဲ့ “စေတနာ-သင်္ခါရ”ဟာ . . . “ကံစွမ်းအား” ထွက်အောင် မလုပ်နိုင်ပါဘူး။ ဒီ ဝိပါကစက်မှာလည်သော “စေတနာ-သင်္ခါရ” ဟာ . . . “ကံစွမ်းအား” ထွက်အောင် မလုပ်နိုင်ပါ။

ဒီတော့ . . . “ကမ္မဝဋ္ဋ” လည်ရင် ကုသလကမ္မ၊ အကုသလကမ္မ နှစ်မျိုးစလုံး ထွက်ပါတယ်။ ဒီ “ဝိပါကဝဋ္ဋ” လည်တဲ့အခါကျတော့ “စေတနာ-သင်္ခါရ” ဟာ အလုပ်လုပ် သော်ငြားလည်း “ကံစွမ်းအား” ခေါ်တဲ့ ကုသလကမ္မတွေ၊ အကုသလကမ္မတွေ မထွက်ပါ။

ဒီလိုထူးခြားသောအချက်ကို သေသေချာချာမှတ်ထားရပါမယ်။ **ဝိပါကစက်က ကုသလလည်း မထွက်ပါဘူး။ အကုသလလည်း မထွက်ပါဘူး။ အဲဒီလို သဘောကို “အဗျာကတ” လို့ခေါ်ပါတယ်။**

ဒီ “အဗျာကတ” ဟာ . . . ဝိပါကစက်မှာဖြစ်လို့ သူ့ကို “ဝိပါကအဗျာကတ” လို့ ခေါ်ပါတယ်။ ဒီ. . . မြင်ကိစ္စ . . . ကြားကိစ္စ . . . အနံ့ကိစ္စ . . . အရသာကိစ္စ . . . အတွေ့ ကိစ္စ . . . များကို ဆောင်ရွက်နေသော ဒီစိတ်က (ဒီသင်္ခါရစေတနာက) ကံစွမ်းအားကို မထုတ် ခြင်းကြောင့် . . . သူ့ကို “အဗျာကတ” လို့ခေါ်ရပါတယ်။ ဒီ အဗျာကတဟာ . . . “ဝိပါက” စက်ကထွက်လာလို့ . . . “ဝိပါကအဗျာကတ” လို့လည်း ခေါ်ပါတယ်။

ဒီသဘောကို သေသေချာချာနှလုံးသွင်းဘို့ လိုပါတယ်။

"ဝိပါက"စက်လည်နေတာဟာ . . . ရုပ်ခန္ဓာနှင့် နာမ်ခန္ဓာ . . . တို့ အလုပ်လုပ်နေကြတာပါ။ အလုပ်လုပ်တာကို ပါဠိလို . . . "သင်္ခါရ" လို့ ပြောပါတယ်။

ဘာအလုပ်တွေလုပ်နေတာပါလဲ . . . မြင်ကိစ္စကို လုပ်တယ် ၊ ကြားကိစ္စကို လုပ်တယ်၊ အတွေ့ကိစ္စကို လုပ်တယ်။ အနံ့ကိစ္စကို လုပ်တယ်၊ အရသာကိစ္စကို လုပ်တယ်။ ဒီအလုပ်တွေလုပ်နေတာကို "သင်္ခါရ" လို့ခေါ်ပါတယ်။ အဲဒီ "သင်္ခါရ" တွေလုပ်တိုင်း လုပ်တိုင်း "စွမ်းအား" တွေထွက်ပါတယ်။ ကမ္မဝဋ်မှာ စေတနာသင်္ခါရ တွေလုပ်ရင် "ကံစွမ်းအား" တွေထွက်ပါတယ်။

သို့သော် . . . "ဝိပါကစက်" မှာဆိုရင် . . . ဒီ ဝိပါကစက်ကြီး ကိုယ်တိုင်က . . . "ကံစွမ်းအား" ကြောင့် "လည်ရတာ" ဖြစ်လို့ . . . သူကိုယ်တိုင်က "ကံစွမ်းအား" ထပ်ပြီး မထုတ်နိုင်ပါဘူး။ ဒါကြောင့် "ကံစွမ်းအားမထုတ်သော သင်္ခါရ" ပဲဖြစ်ပါတယ်။ ဒီလို . . . "ကံစွမ်းအားမထုတ်သောသင်္ခါရ"ကို "အဗျာကတ" လို့ခေါ်ပါတယ်။ ကုသိုလ်လည်းမထုတ်နိုင်၊ အကုသိုလ်လည်းမထုတ်သဖြင့် . . . "အဗျာကတ" လို့ခေါ်ရခြင်းဖြစ်ပါတယ်။

ဒီ "အဗျာကတ" ဟာ ဝိပါကဝဋ်မှာထုတ်လုပ်တာဖြစ်လို့ . . . "ဝိပါကအဗျာကတ" လို့ခေါ်ရပါတယ်။ ဒီအကြောင်းအရာတွေကို သေသေချာချာနားလည်အောင် . . . သဘောပေါက်အောင် စဉ်းစားနိုင်ဖို့ အခုလို သင်ယူနေရတာဖြစ်ပါတယ်။

မြင်ကိစ္စ၊ ကြားကိစ္စတွေ လုပ်နေတဲ့အထဲက မြင်ကိစ္စကို လုပ်နေသော "စေတနာ" သည် ကံစွမ်းအားဖြစ်သော ကုသိုလ် လည်းမထွက်လာပါဘူး၊ အကုသိုလ်လည်း မထွက်ပါဘူး။

ခန္ဓာငါးပါးဆိုတဲ့အထဲမှာ . . . သိတဲ့သဘောတွေဖွဲ့ထားတာကို "ဝိညာဏက္ခန္ဓ"၊ မှတ်တဲ့သဘောတွေဖွဲ့ထားတာကို "သညာက္ခန္ဓာ"၊ ခံစားမှုတွေဖွဲ့ထားတာကို "ဝေဒနာက္ခန္ဓာ" အားထုတ်မှုတွေဖွဲ့ထားတာကို "သင်္ခါရက္ခန္ဓာ" ဆိုပြီးတော့ . . . နာမ်ခန္ဓာက (၄)ပါးရှိပါတယ်။ ထို့အတူ . . . နာမ်ခန္ဓာ (၄)ပါး အလုပ်လုပ်နိုင်အောင် ပသာဒရုပ်ခေါ်တဲ့ အကြည်ရုပ်တွေကလည်း ရုပ်အဖွဲ့ကြီးနဲ့ အလုပ်လုပ်ပေးပါတယ်။ သူတို့ကိုတော့ "ရူပက္ခန္ဓာ" လို့ခေါ်ပါတယ်။



ရူပက္ခန္ဓာနဲ့ နာမ်ခန္ဓာ (နာမက္ခန္ဓာ) (၄)ပါးတို့ကို ခန္ဓာငါးပါးလို့ ခေါ်လိုက်ပါတယ်။

ဒီ . . . ခန္ဓာငါးပါးဟာ . . . ဝိပါကအဖြစ်ပေါ်လာရပါတယ်။ ကံ၏အစွမ်းကြောင့် အကျိုးတရားအဖြစ်နဲ့ ပေါ်လာပါတယ်။ ကမ္မသတ္တိ၏ အကျိုးတရားဖြစ်ပါတယ်။

ဒီနေရာမှာ . . . ကမ္မနဲ့ ရူပက္ခန္ဓာ၊ နာမက္ခန္ဓာတို့ ဆက်သွယ်နေပုံကို မိမိ၏ဉာဏ်ရောက်အောင် ဆင်ခြင်ဖို့လိုအပ်ပါတယ်။ ဒီတော့ အရေးအကြီးဆုံးဖြစ်တဲ့ အချက်ရှိပါတယ်. . . မြင်ကိစ္စကိုပဲ ဆောင်ရွက် . . . ဆောင်ရွက်၊ ကြားကိစ္စကိုပဲ ဆောင်ရွက်. . . ဆောင်ရွက်၊ ဒီကိစ္စတွေဖြစ်လာအောင် ဆောင်ရွက်ပေးနေသော "စေတနာသင်္ခါရ" ဟာ "ကံ" . . . ဖြစ်အောင်၊ "ကုသိုလ်" . . . ဖြစ်အောင်၊ "အကုသိုလ်" . . . ဖြစ်အောင် . . . မလုပ်ပါဘူး။ ဒါကြောင့်မို့လို့ သူ့ကို (စေတနာသင်္ခါရကို) "အဗျာကတ" လို့ခေါ်ပါတယ်။ သူဟာ ဝိပါကမှာဖြစ်ခြင်းကြောင့် "ဝိပါကအဗျာကတ" လို့လည်းခေါ်ပါတယ်။

အခုလို . . . "သင်္ခါရ" လို့ ပြောနေကြပါတယ်။ "သင်္ခါရ" ဆိုတာဘာလဲ . . . ဆိုရင် . . . "သင်္ခါရ" ဆိုတာ "အလုပ်" ပါ။ ဒီ "အလုပ်" . . . ဆိုတဲ့ စကားကို ဉာဏ်နဲ့ သေသေချာချာ စဉ်းစားပါ။ "အလုပ်" ကို . . . ခွဲပြထားပါတယ်။ "မြင်အောင်လုပ်တဲ့အလုပ်" . . .၊ "ကြားအောင်လုပ်တဲ့အလုပ်" . . .၊ "အတွေ့၏အလုပ်" . . .၊ "အနံ့၏အလုပ်" . . .၊ "အရသာ၏အလုပ်". . . တို့ဖြစ်ပါတယ်။ "အလုပ်" ကို စိတ်လည်းလုပ်တယ်၊ ရုပ်လည်း လုပ်ပါတယ်။ အဲဒီဟာကို ဉာဏ်ကရောက်အောင်စဉ်းစားပေးပါ။

ခန္ဓာငါးပါး . . . လို့ပြောနေကြပါတယ်။ ဒီရုပ်တရားအစိုင်အခဲကြီးနဲ့ နာမ်ဓါတ်အဖွဲ့ကြီးကို "ခန္ဓာငါးပါး" လို့ပြောနေတာမဟုတ်ပါဘူး။

"အလုပ်လုပ်နေသောအဖွဲ့ငါးခု" ကိုသာပြောတာပါ။ သိအလုပ်လုပ်တဲ့အဖွဲ့၊ မှတ်အလုပ်လုပ်တဲ့အဖွဲ့၊ ခံစားမှုလုပ်တဲ့အဖွဲ့၊ အားထုတ်မှုလုပ်တဲ့အဖွဲ့ . . . တို့အလုပ်လုပ်နေပါတယ်။ ထို့အတူ . . . မြင်အောင်ထောက်ပံ့ပေးနေတဲ့ ရုပ်၊ ကြားအောင်ထောက်ပံ့ပေးနေတဲ့ ရုပ် . . . ဆိုတဲ့ ရုပ်တွေလည်း အလုပ်လုပ်နေပါတယ်။ အဲဒီလို အလုပ်လုပ်နေကြသော (ရုပ်-နာမ်)၊ ရုပ်အဖွဲ့၊ နာမ်အဖွဲ့ကြီး . . . ဖြစ်ပါတယ်။ တွဲခေါ်လိုက်တော့ . . . "ခန္ဓာငါးပါး" . . . ဖြစ်လာပါတယ်။

# အတ္တဒိဋ္ဌိ ... ရှိလျှင် ... အပါယ်ကျမည်

သဗ္ဗာနိ စ အပါယဂါမိနီကမ္မာနိ နာမ
အတ္တဒိဋ္ဌိ ယာ သတိယာ ဧဝ အာပဇ္ဇတိ၊
အသတိယာ န အာပဇ္ဇတိ။

သဗ္ဗာနိ စ ............... အလုံးစုံလည်းဖြစ်ကုန်သော

အပါယဂါမိနီကမ္မာနိ နာမ. . . . . . . . . . . . . . . .
အပါယ်သို့လားစေသော

ကံတို့မည်သည်ကား

အတ္တဒိဋ္ဌိ ယာ . . . . . . . . . . . . . . . .
အတ္တဒိဋ္ဌိသည် (ဝါ) မိစ္ဆာဒိဋ္ဌိသည်

သတိယာ ဧဝ . . . . . . . . . . . . . . . .
ရှိမှသာလျှင်

အာပဇ္ဇတိ . . . . . . . . . . . . . . . .
ရောက်ရ၏။

အသတိယာ . . . . . . . . . . . . . . . .

C

L

D

ဗုဒ္ဓဒေသနာ နှင့် ဝိပဿနာ ပြန့်ပွားရေးအဖွဲ့ (ရန်ကုန်)

ဆရာကြီး ဦးဌေးအောင်
(မဟာသဒ္ဓမ္မဇောတိကဓဇ)
၏

# (၂၅) ကြိမ်မြောက် ဗုဒ္ဓဒေသနာသင်တန်း

မှ

**ဟောပြောချက်များ**

(၈) ဝိပါကအဗျာကတ . . . (၈ - ၄ - ၂၀၀၇)

(သင်တန်းသားများအတွက်သာ)

ဗုဒ္ဓဒေသနာ နှင့် ဝိပဿနာပြန့်ပွားရေးအဖွဲ့ (ရန်ကုန်) မှ ဖြန့်ချိသည်။

C

D